# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

EMReF
Enlightened Myanmar Research Foundation

အမှတ် (၃၂)၊ ဇွန် ၁၃ ရက်၊ ၂၀၁၇


## အကောင်အထည်ဖော် ပြဋ္ဌာန်းဥပဒေများကို အစိုးရက လွှတ်တော်သို့ နောက်ဆက်တွဲ အစီရင်ခံရန်ပျက်ကွက်ဟု ပြော

ဇွန် ၅၊ ၂၀၁၇

မွန်ပြည်နယ်လွှတ်တော်အတွင်း ပြဋ္ဌာန်းထားသည့်ဥပဒေများကို ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ဆက်စပ်သော စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လွှတ်တော်သက်တမ်း နှစ်ကြိမ်စလုံးတွင် ပြည်နယ်အစိုးရအဆက်ဆက်က လွှတ်တော်သို့ပေးပို့ခြင်း မရှိသေးကြောင်း မွန်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌက ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် ပထမအကြိမ် လွှတ်တော် နှင့် ၂၀၁၆ မှ ယခုဇွန်လ ၈ ရက်ထိပြုလုပ်သည့် လွှတ်တော်အစည်းအဝေးအထိ ယခင်အစိုးရနှင့် ယခုအစိုးရသစ်ပါ ဆက်စပ်သောစည်းမျဉ်းစည်းကမ်း၊ အမိန့်


(ဓာတ်ပုံ – http://www.monhluttaw.com)

နှင့် ညွှန်ကြားချက်များကို လွှတ်တော်သို့ ပေးပို့ ဆောင်ရွက်ထားမှုမရှိ၍ မွန်ပြည်နယ်လွှတ်တော်ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက လွှတ်တော်တွင် မေးမြန်းခဲ့ခြင်းဖြစ်သည်။

"ပြည်နယ်လွှတ်တော်က အတည်ပြုပြီးတဲ့ဥပဒေ၊ နည်းဥပဒေရေးဆွဲပြီးတော့ လွှတ်တော်ကို လာရောက်ဖြန့်ဝေတင်ပြထားတာရှိခဲ့သော်လည်းပဲ နည်းဥပဒေရဲ့ နောက်ဆက်တွဲမှာပါလာမယ့် အမိန့်ညွှန်ကြားချက် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း ဒါတွေနဲ့ပတ်သက်ပြီး လွှတ်တော်မှာ လာရောက် အသေးစိတ်တင်ပြထားတာ မရှိသေးကြောင်း တွေ့ရတယ်။ စည်းမျဉ်းစည်းကမ်း၊လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်တွေကို လွှတ်တော်သို့လာရောက်ပေးပို့ထားခြင်းမရှိတာဟာ စည်းမျဉ်းစည်းကမ်းတွေကို တစ်ခုမှ မထုတ်ပြန်ရသေးလို့လား။ ထုတ်ပြန်ထားပါသော်လည်း လွှတ်တော်ကို လာရောက်ပေးပို့ရန်ကျန်ရှိနေသေးလို့လား" ဟုဒေါက်တာအောင်နိုင်ဦးက မေးမြန်းခဲ့သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၆၀(က)၊ (ခ)အရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၀ အရ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းအမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခွင့်နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသဖြင့် လွှတ်တော်သို့တင်ပြရန်လိုကြောင်း ၎င်းကပြောသည်။ *(ကိုးကား-http://www.7daydaily.com)*

## စီမံကိန်းဆောင်ရွက်သည့် ကုမ္ပဏီများအား အရည်အသွေးမီအောင် ပြန်လည်ပြုပြင်ရန် လွှတ်တော်ပြော

ဇွန် ၅၊ ၂၀၁၇

မကွေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမတွင် (၅.၆.၂၀၁၇)ရက်နေ့က ကျင်းပပြုလုပ်သော ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာနှစ်အတွက် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံးအကြီးအမှူး၊ ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာကုမ္ပဏီများတွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ခဲ့သော ကုမ္ပဏီများအနက်မှ အချို့ကုမ္ပဏီများမှာ စိစစ်ရေးအဖွဲ့၏စိစစ်ချက်အရ အရည်အသွေးပြည့်မီခြင်းမရှိကြောင်း၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှချပေးသည့် ငွေကြေးအပေါ်၌ မိမိအတွက်အမြတ်ကျန်အောင်လုပ်ပြီး မတရားအမြတ်ထုတ် စံချိန်စံညွှန်းမမီတာကို လက်မခံနိုင်ကြောင်း၊ မကြီးကြပ်နိုင်သောနေရာများမှာ ဖြစ်သလိုလုပ်ထားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများတွင် အရည်အသွေးမပြည့်မီသည့်လုပ်ငန်းများအား ပြန်လည်ပြုပြင်၍ ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သက်မှတ်ရက်ကျော်လွန်လျှင် သက်ဆိုင်ရာမြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များမှ ပြန်လည်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်စစ်ဆေးချိန်တွင် ပြုပြင်၊ ပြင်ဆင်ထားခြင်းမရှိပါက နာမည်ပျက်ကုမ္ပဏီအမည်စာရင်းသွင်းနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ အရည်အသွေးမပြည့်မီသည့် နာမည်ပျက်ကုမ္ပဏီစာရင်းတွင်မပါစေရန် အချိန်မီပြုပြင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ တက်ရောက်လာသောကုမ္ပဏီများမှ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

*(ကိုးကား- မကွေးတိုင်းဒေသကြီးလွှတ်တော် ဖေ့စ်ဘွတ်စာမျက်နှာ)*

# သတင်းတို

• ကချင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့ ၁-၆-၂၀၁၇) တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်(နောင်မွန်-၁)က နောင်မွန်မြို့နယ်တွင် တာဝန်ထမ်းဆောင်ကြသော ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရာ နောင်မွန်မြို့နယ်မှ ဆရာဝန်နှင့် သူနာပြုသားဖွားဝန်ထမ်းများအတွက် နေအိမ်ဆောက်လုပ်ပေးရန် နေပြည်တော်သို့တင်ပြပြီးဖြစ်ကြောင်း လူမှုရေးဝန်ကြီးမှ ကတိပြုခဲ့သည်။ ထို့ပြင် ဆန်နူး/ကွမ်လင်း/ ဂါတ်ထု/ ရပ်ဘော့ထခွဲနှင့် နောင်မွန်မြို့နယ်များရှိ ဒေသလိုအပ်ချက်အရ အဆင့်တိုးမြှင့်ပြီးသော အလက(ခွဲ)၊ အထက(ခွဲ)ကျောင်းများကို သတ်မှတ်စံကိုက် အဆောက်အအုံ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းများအတွက် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားဆောင်ရွက်ပေးမည်ဟု လူမှုရေးဝန်ကြီးမှဖြေကြားခဲ့ကြောင်း သိရသည်။

*(ကိုးကား-ဦးချန်တန်ခင်ဖေ့စ်ဘွတ်)*




နာရီကန်/တောင်ရပ်ကွက် ထီးတန်းဓမ္မာရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒါနရှေ့ဆောင်မြန်မာအဖွဲ့တို့ပူးပေါင်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ရွေးကောက်ပွဲဆိုင်ရာ လူထုတွေ့ဆုံပွဲကို ကျင်းပစဉ်။

*(ဓာတ်ပုံ- မင်္ဂလာတောင်ညွန့်မြို့နယ်၊ NLD သတင်းနှင့်ပြန်ကြားရေးတာဝန်ခံဖေ့စ်ဘွတ်)*

# ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်တွင် တပ်ကိုယ်စားလှယ် ပထမဆုံးအကြိမ် မေးခွန်းမေး

ဇွန် ၈၊ ၂၀၁၇

မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဇွန်လ ၇ ရက်တွင်ပြုလုပ်သည့် ပြည်နယ်လွှတ်တော်၌ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးအနေဖြင့် ယခုလွှတ်တော်သက်တမ်းအတွင်း ပထမဆုံးအကြိမ် မေးခွန်းမေးမြန်းခဲ့သည်။

ပြစ်မှုထင်ရှား စီရင်ခဲ့ပါလျက်နှင့် ပြစ်မှုနှင့်ပြစ်ဒဏ်မမျှသည့်အတွက် ပြစ်ဒဏ်တိုးပေးရန် လျှောက်ထားနေရခြင်းနှင့်ပတ်သက်၍ ထိရောက်ပြစ်ဒဏ်များချမှတ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ တပ်မတော်သားကိုယ်စားလှယ်/ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက မေးခွန်း မေးမြန်းခဲ့ခြင်း ဖြစ်သည်။

မူလတရားရုံး ပြစ်မှုပြစ်ဒဏ်ချမှတ်ခဲ့ခြင်း၊ ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ၂၀၁၅ မှ ၂၀၁၇ ဧပြီအထိ အမှု ၁၈၀ ရှိပြီး ထိုအမှုထဲမှ အမှု ၁၃၀ ကို အတည်ပြုထားကြောင်း၊ အမှု ၁၅ မှုကို ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခဲ့ကြောင်း ပြည်နယ်တရားသူကြီးချုပ်ဦးခင်မောင်ကြီးက ဖြေကြားခဲ့သည်။

ထို့အပြင် စိစစ်ဆဲအမှုများလည်း ရှိကြောင်း ၎င်းကဆိုသည်။

*(ကိုးကား-http://www.7daydaily.com)*

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

**သတင်းစာစဉ်**

စုစည်းတင်ပြသူ

ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း

ဆက်သွယ်ရန်

၀၉-၂၆၁၆၅၄၀၄၅

www.emref.org

www.facebook.com/emrmyanmar

# လစ်လပ်နေသည့် မွန်ပြည်နယ် စည်ပင်နှင့်ဆောက်လုပ်ရေး ဝန်ကြီးနေရာတွင် ပြင်ပပညာရှင်တစ်ဦးအား ခန့်အပ်

ဇွန် ၆၊ ၂၀၁၇

မွန်ပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်နေသည့် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးအဖြစ် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့် ပြင်ပပညာရှင် မြို့ပြအင်ဂျင်နီယာတစ်ဦးကို ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် အတည်ပြုခန့်အပ်ခဲ့သည်။ ဦးမင်းကျော်လွင်သည် ၁၉၈၅ မှ ၂၀၀၀ အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ပြီးနောက် အလွတ်တန်း အတိုင်ပင်ခံအင်ဂျင်နီယာအဖြစ် ရပ်တည်ခဲ့ကာ မြို့ပြအင်ဂျင်နီယာ၊ တာဝန်ခံစီမံကိန်း အင်ဂျင်နီယာအဖြစ် အိမ်နီးချင်းနိုင်ငံများရှိ ပြည်တွင်းစီမံကိန်းလုပ်ငန်းများတွင် လုပ်ကိုင်ခဲ့သည်။

*(ကိုးကား-http://www.7daydaily.com)*

## စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၏ ကိုယ်ရေးအကျဉ်း



| | |
|---|---|
| **အသက်** | ၅၇ နှစ် |
| **ပညာအရည်အချင်း** | B.E (Civil) |
| **အလုပ်အကိုင်** | အင်ဂျင်နီယာ |
| **လူမျိုး** | မွန် |
| **ကိုးကွယ်သည့်ဘာသာ** | ဗုဒ္ဓဘာသာ |
| **ဇာတိ** | ရှာလွတ်ကျေးရွာ၊ ချောင်းဆုံမြို့နယ် |




ဇွန်လ ၆ ရက်၊ ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် ကြားဖြတ်ရွေးကောက်ပွဲအနိုင်ရ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သစ်(၆)ဦးနှင့် ပြောင်းလဲခန့်အပ်ခဲ့သည့် တပ်မတော်သားကိုယ်စားလှယ်သုံးဦးတို့ ကတိသစ္စာပြုစဉ်။ *(ဓာတ်ပုံ-http://www.7daydaily.com)*

# သတင်းတို

- ပဲခူးတိုင်းဒေသကြီး လွှတ်တော် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ မိုးညိုမြို့နယ်၊ ထွင့်မြတ်စံပြကျေးရွာ မီးလင်းရေးကော်မတီကိစ္စနှင့် ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့ ပေပင်ချောင်ကျေးရွာ လျှပ်စစ်မီးသွယ်တန်းမှုကိစ္စများ၊ ရွှေစွမ်းအင်ကုမ္ပဏီနှင့်ချုပ်ဆိုသော စာချုပ်ပါအချက်အလက်များအား တိကျစွာသိရှိရေးနှင့် ကုမ္ပဏီမှ ဆောင်ရွက်ပေးရမည့်ကိစ္စများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာမီးလင်းရေးကော်မတီများကို ဖျက်သိမ်းသင့်/မသင့် ကိစ္စများနှင့်ပတ်သက်၍ ဇွန်လ ၇ ရက်က ဆွေးနွေးခဲ့သည်။

*(ကိုးကား- Bago Region Hluttaw Facebook)*




ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် Website နှင့် Facebook Page များ ဖွင့်လှစ်တင်ဆက်နိုင်ရန် လိုအပ်သော သင်တန်းများပေးနေစဉ်။ *(ဓာတ်ပုံ-Nay P Latt facebook)*

# တနင်္သာရီ လျှပ်စစ်ကိစ္စ လွှတ်တော်တွင် ကြားနာမည်

ဇွန် ၇၊ ၂၀၁၇

တနင်္သာရီတိုင်းအတွင်း လူအပြောအများဆုံးဖြစ်သည့် လျှပ်စစ်ကဏ္ဍများတွင် ဆောင်ရွက်နေမှုအပေါ် ဇွန်လ ၅ ရက်နေ့နှင့် ၇ ရက်တို့တွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တွင် ကြားနာကြမည်ဟု တိုင်းလွှတ်တော်ရုံး တာဝန်ရှိသူများထံမှ သိရသည်။ အထက်ပါ ကိစ္စရပ်နှစ်ခုတွင်အစိုးရမှ မည်သို့ဆောင်ရွက်ထားသည်၊ မည်သို့လုပ်ဆောင်နေမည်၊ မည်သို့ဆက်လက်လုပ်ဆောင်သွားမည်တို့ကို ရှင်းလင်းစွာသိရှိပြီး အများပြည်သူအားရှင်းပြနိုင်ရန် ကြားနာပွဲပြုလုပ်ခြင်းဖြစ်ကြောင်း တိုင်းလွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်အေးက ပြောသည်။

"လျှပ်စစ်ကိစ္စက လူတွေအပြောများနေတယ်၊ ပြည်သူတွေ ပွင့်ပွင့်လင်းလင်းသိဖို့လိုတယ်၊ ကိုယ်စားလှယ်တွေကလည်း သိချင်တာတွေ မေးနိုင်တယ်ပေါ့"ဟု ဦးခင်မောင်အေးကဆိုသည်။ ကြားနာပွဲတွင် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်မှ ဖွဲ့စည်းထားသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မည်ဟုဆိုပြီး သက်ဆိုင်ရာ လျှပ်စစ်ဝန်ကြီးတက်ရောက်မည်မဟုတ်ဟုဆိုသည်။ သို့သော် ပြင်ပမှလေ့လာသူများ တက်ရောက်ခွင့်မပြုပေ။ တနင်္သာရီတိုင်း လျှပ်စစ်အရေးဆောင်းပါးများ အစဉ်တစိုက် ရေးသားနေသည့် ဒေါက်တာဝင်းထိန်က လျှပ်စစ်ကိစ္စတွင် ရေရှည် မည်သည့်လမ်းကြောင်းဖြင့် သွားမည်ဆိုသည်ကို ကိုယ်စားလှယ်များမှ မေးမြန်းသင့်သည်ဟု ဆိုသည်။

တိုင်းအတွင်း လျှပ်စစ်အရင်းမြစ်အနေအထားမှာ ရေ အား၊ ဆိုလာ၊ ဂက်စ်၊ ဒီဇယ် စသဖြင့် မရေမရာဖြစ်နေပြီး နောက်ဆုံးတွင် ဒီဇယ်သုံးသရာမှ ထွက်မရဖြစ်နေသည်ဟု ဒေါက်တာဝင်းထိန်က ထောက်ပြသည်။ တနင်္သာရီတိုင်းတွင် လျှပ်စစ် တစ်ယူနစ်ကို ကျပ် ၃၀၀ ဝန်းကျင်မှ ကျပ် ၇၀၀ ဝန်းကျင်အထိ ပေးဆောင်နေရပြီး ထားဝယ်ခရိုင် သဘာဝဓာတ်ငွေ့မီးလိုင်းမှာ ထုတ်လုပ်အားထက် အသုံးပြုအားများသဖြင့် အလှည့်ကျမီးဖြတ်တောက်နေသည်။

လျှပ်စစ်ကိစ္စအပြင် ပညာရေးကိစ္စကိုလည်း ကြားနာမည်ဟုဆိုသည်။ သို့သော် ပညာရေးကဏ္ဍရှိ မည်သို့သောကိစ္စရပ်များကိုကြားနာမည်ကို မသိရပေ။

*(ကိုးကား-တနင်္သာရီဂျာနယ်)*

# တွန်းဇံမြို့ရှိ ဘိန်းစိုက်ခင်း ထောင်ကျော် ဖျက်ဆီးပေးရန် ချင်းလွှတ်တော် ဆွေးနွေး

ဇွန် ၈၊ ၂၀၁၇

ချင်းပြည်နယ် တွန်းဇံမြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်ကို အကြောင်းပြုကာ ဘိန်းစိုက်ဧက ထောင်ကျော်ရှိနေကြောင်း တွန်းဇံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထောင်ခိုမန်က ပြောကြားသည်။

အဆိုပါမြို့နယ်တွင် ဘိန်းစိုက်ပျိုးမှုများရှိနေမှုအပေါ် ဖျက်ဆီးပေးရန် ယခုနှစ် မေလ ၁၈ ရက်က ကျင်းပသော ချင်းပြည်နယ်လွှတ်တော်တွင် ဆွေးနွေးခဲ့ရာ အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက နှစ်စဉ်ဖျက်ဆီးမှုများပြုလုပ်နေသည်ဟု တာဝန်ရှိသူက ဖြေကြားခဲ့ကြောင်း၊ ယင်းမြို့နယ်မှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး လူသူသွားလာမှုခက်ခဲသည်ကိုအမှီပြုကာ ဘိန်းခင်းဖျက်ဆီးသူများ မရောက်သည့်နေရာများတွင် ဘိန်းစိုက်ပျိုးမှုများ ပြုလုပ်နေကြောင်း ၎င်းကရှင်းပြသည်။

ခန့်မှန်းတွက်ချက်မှုအရ နှစ်စဉ် ဧကထောင်ကျော်အထိ စိုက်ပျိုးနေသည်ကို သိရှိရကြောင်း၊ တွန်းဇံမြို့နယ်တွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး စီမံချက်ရေးဆွဲကာ ပြည်နယ်အစိုးရအဖွဲ့မှလည်းကောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့မှလည်း တိုက်ဖျက်ပေးရန်လိုအပ်နေကြောင်း ၎င်းကပြောကြားသည်။

“ဆင်းရဲလို့ စိုက်တာမဟုတ်ဘူး၊ ပေါ့ပေါ့ပါးပါးနဲ့ အသက်ရှင်နေချင်လို့ စိုက်တာ။ နဂိုတုန်းက ဘိုးဘွားတွေက တောင်ယာခုတ်တယ်၊ ကောင်းကောင်း အလုပ်လုပ်ပြီး အသက်ရှင်ကြတယ်၊ အခုဟာက နည်းနည်းလုပ်ပြီး များများရချင်ကြတယ်”ဟု တွန်းဇံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထောင်ခိုမန်က ပြောသည်။

ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းခရိုင်၊ တွန်းဇံမြို့နယ်၊ ကျီခါးမြို့နယ်ခွဲတွင် ၂၀၁၄ ခုနှစ်က ဘိန်းစိုက်ခင်းဧက ၅၆၆ ဒသမ ၈၁ ဧက၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာနှင့် ဇန်နဝါရီ နှစ်လတာကာလတွင် ဘိန်းခင်း ၈၇၆ ဧကတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

*(ကိုးကား-The Voice Daily)*